KHRG
Karen Human Rights Group
Documenting the voices of villagers in rural Burma

# အစီရင်ခံစာ အကျဉ်းချုပ်

ဩဂုတ်လ၊ ၂၀၁၀ ခုနှစ်။

## တင်းကျပ်သည့်အခြေအနေအောက်တွင် မိမိကိုယ်ကို ကာကွယ်ခြင်း

### အရပ်သားများကို ပစ်မှတ်ထားခြင်းနှင့် အရပ်သားများ၏တုန့်ပြန်မှုများ

ကရင်ပြည်နယ်မြောက်ပိုင်းရှိ အရပ်သားများ၏ မိမိကိုယ်ကို ကာကွယ်မှုပြုနေရသည့် အခြေအနေကို နားလည်ခြင်းနှင့် ဝိုင်းဝန်းကူညီခြင်း

ကရင်ပြည်နယ်မြောက်ပိုင်း၊ တောင်ပေါ်ဒေသတွင် နေထိုင်လျှက်ရှိသည့် ရွာသားများသည် မြန်မာနိုင်ငံ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) စစ်တပ်၏ ဆက်လက်ပစ်မှတ်ထားခြင်း ကိုခံနေရသည်။ အရပ်သားများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုနအဖစစ်တပ်ကဦးတည်တိုက်ခိုက်လျှက်ရှိသည့်အပေါ်ဒေသခံလူ့အဖွဲ့အစည်းများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေများသည် အကြီးအကျယ်ဆုတ်ယုတ်လျှက်ရှိသည်။

တုန့်ပြန်မှုအနေဖြင့် ဒေသခံ လူ့အဖွဲ့အစည်းများသည် နအဖစစ်တပ်၏ တိုက်ခိုက်မှု (သို့) အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းမှုတို့မှ ရှောင်လွှဲရန် မိမိကိုယ်ကိုကာကွယ်သည့် နည်းလမ်းအမျိုးမျိုးကို အသုံးချခဲ့ကြသည်။ ထိုနည်းလမ်းများကြောင့် သောင်းချီသည့်ရွာသားများ အသက်ရှင်ရပ်တည်နိုင်ခဲ့ကြသလို မိမိ၏ဇာတိဒေသအနီးတစ်ဝိုက်တွင် နေထိုင်နိုင်ခဲ့ကြသည်။

နအဖစစ်တပ်၏ အင်အားကြီးသည့် ဖိနှိပ်မှုအောက်တွင် လူအခွင့်အရေးအခြေအနေများသည် ပိုမိုဆိုးရွားလာသည့်အတွက် ဒေသခံများအနေဖြင့် မိမိကိုယ်ကို ကာကွယ်ရန်အတွက် အစွမ်းအစများရှိသော်ငြားလည်း အခြေအနေသည် ပိုမိုကျပ်တည်းလာသည်သာမက လုံလောက်မှုမရှိဖြစ်လာသည်။ ထိုကဲ့သို့ဖြစ်ပေါ်လာသည့် အခြေအနေတွင် ရွာသားအချို့နှင့်လူထုတရပ်လုံးသည် ၎င်းတို့၏ မဖြစ်မနေရပ်တည်နိုင်ရေး စိုးရိမ်မှုများကို စဉ်းစားချင့်ချိန်ပြီးနောက် လက်နက်နှင့် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းအပါအဝင် အခြားနည်းလမ်းများဖြင့် တုန့်ပြန်မှုများကိုအသုံးပြုလာကြသည်။

မြန်မာပြည်အရှေ့ပိုင်းရှိ ပဋိပက္ခနယ်မြေများအတွင်း၌ လူ့အခွင့်အရေးမြင့်တင်ရန်လိုလားသည့် ပြင်ပမှပါဝင်လုပ်ဆောင်လိုသူ ပုဂ္ဂိုလ်များ အနေဖြင့် ရွာသားများ၏ မိမိကိုယ်ကို ကာကွယ်သည့် လှုပ်ရှားမှုများနှင့် ထိုလှုပ်ရှားမှုများကို ဖော်ပြသည့် သူတို့၏ အလေးထားမှုများကို အသေးစိတ်နားလည်သဘောပေါက်ရန် ကြိုးပမ်းသင့်သည်။ စစ်တပ်၏တိုက်ခိုက်မှုနှင့် မတရားပြုခြင်းကို တုန့်ပြန်သည့်နေရာတွင် ရွာသားများ အတွက် ဖြစ်နိုင်ခြေရှိသည့်အခွင့်အလမ်းများကိုကျယ်ကျယ်ပြန့်ပြန့်ရွေးချယ်နိုင်စေရန်နှင့်လက်တွေ့ကျသည့် ကူညီမှု တိုးတက်လာစေရန်အတွက် အသေးစိတ်နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၏ "တင်းကျပ်သည့်အခြေအနေအောက်တွင် မိမိကိုယ်ကိုကာကွယ်ခြင်း" အစီရင်ခံစာတွင် ရွာသားများ၏ လူ့ အခွင့်အရေးချိုးဖောက်မှုများဆက်လက်ခံစားရသည့်အပေါ် သူတို့၏စိုးရိမ်မှုနှင့် အလေးထားမှုများကိုပိုမိုနား လည်သဘောပေါက်စေရန်နှင့်ထိုရွာသားများသည်မည်ကဲ့သို့နှင့်အဘယ်ကြောင့် တုန့်ပြန်မှုများ ပြန်လုပ်နေကြသည်ကိုဖော်ပြထားပါသည်။

"တင်းကျပ်သည့်အခြေအနေအောက်တွင် မိမိကိုယ်ကို ကာကွယ်ခြင်း" အစီရင်ခံစာသည် ကရင်ပြည်နယ်မြောက်ပိုင်းဖာပွန်ခရိုင် လူသောမြို့နယ်ကိုသာ သီးသန့်ဇောင်းပေး၍ ဖော်ပြထားပါသည်။ လက်ရှိအခြေအနေတွင်လူသောမြို့နယ်တွင်း ရွာသား ၂၇၀၀၀ ထက်မက အဆက်မပြတ်တိုက်ခိုက်မှုခံနေရပြီး လူသားခြင်းစာနာမှု အခြေအနေများသည်လည်းဆိုးရွားလာလျှက်ရှိသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့၊ ကွင်းဆင်းသုတေသီများထံမှ ၂၀၀၉ ခုနှစ် ၊ ဇန်နဝါရီလ မှစ၍ ပေးပို့လာသည့် ၂၁၂ ခုထက် မကသော တွေ့ဆုံမေးမြန်းချက်များနှင့် ကွင်းဆင်းမှတ်တမ်း ၈၅ ခုမှ ထုတ်နှုတ်ထားသည့် အမျိုးမျိုးသော မတရားမှုများနှင့် ဒေသခံများ၏ တုန့်ပြန်မှုများကိုအသေးစိတ်ပုံဖော်ထားသည်။ ထို့အပြင် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသ ပဋိပက္ခနယ်မြေများအတွင်းရှိ အရပ်သားများကို ပြင်ပအကူအညီများမည်ကဲ့သို့စတင်ပေးနိုင်ကြောင်းကို ဖော်ညွှန်းပြသထားပါသည်။

ဤစာစောင်သည် "တင်းကျပ်သည့်အခြေအနေအောက်တွင် မိမိကိုယ်ကို ကာကွယ်ခြင်း၊ အရပ်သားများကို ပစ်မှတ်ထားခြင်းနှင့် အရပ်သားများ၏တုန့်ပြန်မှုများ" အစီရင်ခံစာ အပြည့်အစုံ၏ အကျဉ်းချုပ်ဖော်ပြထားချက်ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၀ ခုနှစ် ဧပြီလအထိ ဖာပွန်ခရိုင်အတွင်းမှ စုဆောင်းရရှိသည့် ၂၁၂ ခုထက်မကသော တွေ့ဆုံမေးမြန်းချက်များနှင့် ကွင်းဆင်းမှတ်တမ်း ၈၅ ခုကို အခြေခံ၍ ယခု အစီရင်ခံစာကိုပြုစုထားပါသည်။ ဤအစီရင်ခံစာ၏ကြိုးပမ်းမှုမှာ ရွာသားများသည် ဆက်လက်ပြီးလူ့အခွင့်အရေးချိုးဖောက်မှုများကိုခံစားနေရသည့်အပေါ်သူတို့၏စိုးရိမ်မှုနှင့်အလေးထားမှုများကို ပိုမိုနားလည် သဘောပေါက်စေရန်နှင့်ထိုရွာသားများသည်မည်ကဲ့သို့နှင့်အဘယ့်ကြောင့် တုန့်ပြန်မှုများပြုလုပ်နေကြသည်ကို ပိုမိုသိရှိနားလည်ပြီး ထိုဒေသခံရွာသူရွာသားတို့၏ မိမိကိုယ်ကိုကာကွယ်သည့် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုပံ့ပိုးပေးနိုင်ရန်အတွက် ဖြစ်သည်။ အစီရင်ခံစာ အပြည့်အစုံကို e- Book အနေဖြင့် အင်တာနက်စာမျက်နှာ www.khrg.org ၌ ရရှိနိုင်ပါသည်။ စာအုပ်အနေဖြင့် ရရှိလိုကြောင်းတောင်းခံစာကို khrg@khrg.org သို့ပေးပို့ခြင်းဖြင့် အစီရင်ခံစာ စာအုပ်ကို လက်ခံရယူနိုင်ပါသည်။

**နအဖ စစ်တပ်၏ လုပ်ငန်းစဉ်များအတွင်းတွင် အရပ်သားများ၏ အသက် အိုးအိမ်နှင့် လုပ်ငန်းများအပေါ် ရည်ရွယ်သည့် တိုက်ခိုက်မှုများလည်း ပါဝင်သည်။** နအဖစစ်တပ်က ရွာသားများရှိမှန်း သိလျက်နှင့်သော်လည်း ကောင်း၊ ရွာသားများ(သို့) တိုက်ခိုက်သူများ ဟုတ်မဟုတ်ကွဲပြားမှုကို သိရှိရန် ကြိုးစားမှုမပြုလုပ်ဘဲ ရွာများနှင့် လယ်ယာမြေများအပေါ် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း။ ရွာသားများ၏ ပိုင်ဆိုင်မှုနှင့် အခြေတကျဖြစ်မှုကို ဖျက်ဆီးခြင်းနှင့်မိုင်းထောင်ခြင်း၊ အရပ်သားများကိုခွဲခြားမှုမပြုလုပ်ပဲသတ်ဖြတ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာသိုလှောင်မှုများကို ဖျက်ဆီးခြင်းအပါအဝင် လူသားခြင်း စာနာမှုအကူအညီများအပေါ်ကန့်သတ်မှုများပြုလုပ်ခြင်းစသည့်အချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယခုအစီရင်ခံစာတွင် မှတ်တမ်းတင်ထားပါသည်။

**နအဖစစ်တပ်၏ အရပ်သားများအပေါ် တိုက်ခိုက်မှုသည် ဆက်လက်ဖြစ်ပွားနေပါသည်။** "တင်းကျပ်သည့်အခြေ အနေ အောက် တွင် မိမိကိုယ်ကို ကာကွယ်ခြင်း" အစီရင်ခံစာ ပုံနှိပ် ထုတ်ဝေရန် ပြင်ဆင်နေသည့် သတင်းပတ်အတွင်း နအဖစစ်တပ်၏တပ်ရင်းများသည် လူသော မြို့နယ်အတွင်းရှိ အခြားရွာတရွာကို လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း၊ မီးရှို့ခြင်းနှင့် မိုင်းထောင်ခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် အိမ်များ၊ စာသင်ကျောင်းနှင့်ဘုရားကျောင်းတလုံးပျက်စီးခဲ့ပြီး ရွာသား ၁၀၀၀ ကျော်ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

**မိမိကိုယ်ကိုကာကွယ်ရန်ဒေသခံစွမ်းအားများသည်ပြင်ပ၏ပံ့ပိုးမှုများကိုလိုအပ်နေကြောင်း မီးမောင်းထိုးပြသနေပါသည်။** ရွာပုန်းရွာရှောင်မှရွာသားများ တိုက်ခိုက်မှုမှ ဆက်လက်အသက်ရှင်နိုင်စွမ်းရှိခြင်းသည် ၎င်းတို့၏ မိမိကိုယ်မိမိကာကွယ်သည့် လုပ်ဆောင်မှုများကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း ပဋိပက္ခနယ်မြေအတွင်း နေထိုင်သော အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းကိုမြှင့်တင်ရန် စိတ်ပါဝင်စားစွာလုပ်ဆောင်လိုသော မည်သူမဆို ဦးစွာလုပ်ဆောင်သင့်သည့်အချက်မှာ ရွာသားများ၏ တိုက်ခိုက်မှုအပေါ်တုန့်ပြန်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာနှင့် ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်မှုများကို အသေးစိပ် နားလည်သဘောပေါက်ရန် ကြိုးပမ်းသင့်သည်။

**လက်နက်ဖြင့်အရပ်သားများ၏မိမိကိုယ်ကိုကာကွယ်သည့်လှုပ်ရှားမှုများသည် ကူညီပံ့ပိုးမှုကိုတိုးမြှင့်ရန်လိုအပ်နေကြောင်း အလေးအနက်ထားဖော်ပြနေပါသည်။**ပူပင်မှုနှင့်အဓိကလိုအပ်မှုများကြောင့် ရွာသူရွာသားများသည် လက်နက်အားဖြင့် မိမိကိုယ်ကို ကာကွယ်သည့်နည်းဗျူဟာကို အသုံးချလာကြခြင်းဖြစ်သည်ကို အသေးစိတ် နားလည်သဘောပေါက်ရန်လိုအပ်သည်။ စစ်တပ်၏တိုက်ခိုက်မှုနှင့် မတရား ချိုးဖောက်မှုများကို ပြန်လည်တုံ့ပြန်မှု ပြုလုပ်သည့်နေရာတွင် ရွာသူရွာသားများ၏လုပ်နိုင်စွမ်းအခွင့်အလမ်းများ ကျယ်ပြန့်လာအောင် လက်တွေ့ကျသည့် အခြား




ဖြစ်နိုင်ဖွယ်နည်းလမ်းများကို ပိုမိုမြှင့်တင်ပေးရန် ထိုနားလည်သဘောပေါက်မှုကိုအသုံးပြုသင့်သည်။

**စည်းရုံးလှုံ့ဆော်ရာတွင်လည်းကောင်း၊ နအဖနှင့်ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း ဒေသဆိုင်ရာကာကွယ်မှုပြုလုပ်ခြင်းအပေါ် အလေးထားအာရုံစိုက်ခြင်းနှင့် အရပ်သားများ၏မိမိကိုယ်ကို ကာကွယ်သည့် လှုပ်ရှားမှုများကို ကူညီပံ့ပိုးပေးသင့်သည်။** နအဖစစ်တပ်၏ ကျင့်သုံးနေသည့် လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲပစ်ရန် အခက်အခဲများရှိမည်ဖြစ်သော်လည်း စည်းရုံးလှုံ့ဆော်မှုများအား အလေးထားလုပ်ဆောင်သွားသည့်အပေါ်တွင် အပြောင်းအလဲအချို့ ရှိကောင်းရှိလာနိုင်ပါသည်။ ထိုအနည်းငယ်သော ပြောင်းလဲမှုသည်ပင်လျှင် ရွာသားများ၏ မိမိကိုယ်မိမိကာကွယ်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ လူ့အခွင့်အရေးအခြေအနေများကိုပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်လိုသောမည်သူမဆို ကျေးလက်ဒေသတွင်နေထိုင်သောသူများ၏အကြံဉာဏ်များနှင့် မိမိတို့၏မူဝါဒများကို ပူးပေါင်း၍ ရွာသူရွာသားများ၏ တုံ့ပြန်မှုနည်းဗျူဟာများကို အပြန်အလှန်အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်သင့်ပါသည်။

## အဓိက အကြံပြုချက်များ

- မြန်မာပြည်အရှေ့ပိုင်းရှိ ပဋိပက္ခနယ်မြေများတွင်လူ့အခွင့်အရေးမြှင့်တင်ရန်လိုလားသည့် ပြင်ပမှပါဝင်လုပ်ဆောင် လိုသူပုဂ္ဂိုလ် များအနေဖြင့် ဒေသတွင်းဖြစ်ပွားနေသည့် အမျိုးမျိုးသော မတရားမှုများကို အသေးစိတ် နားလည်သဘောပေါက်မှုအပေါ် အခြေခံ၍ ရွာသားများ**မိမိကိုယ်မိမိကာကွယ်နိုင်ရန်အတွက် လက်တွေ့ကျသည့် အကူအညီပေးမှုများ**ကို စီမံပေးသင့်ပါသည်။
- လူသားချင်းစာနာထောက်ထားမှုအစီအစဉ်များတွင် ဒေသခံရွာသားများ၏ မိမိကိုယ်မိမိ ကာကွယ်ခြင်း နည်းလမ်းများကို ပေါင်းစပ်ပါဝင်သင့်ပါသည်။ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်များကြောင့် ဒေသခံများ၏ မိမိကိုယ်မိမိကာကွယ်မှု ပြုလုပ်ရန် ကြိုးပမ်းမှုများအပေါ် ဆုတ်ယုတ်မှု မဖြစ်စေရန်လည်း အထူးဂရုပြုသင့်ပါသည်။
- အစိုးများနှင့် အစိုးရမဟုတ်သည့် ဘဏ္ဍာရေးအထောက်အပံ့ပေး အဖွဲ့အစည်းများအနေဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီပေးရေးလုပ်ငန်းများလုပ်နေသူများအပါအဝင် **ဘေးအန္တရာယ်ကျရောက်နေသည့်လူထုထံ** သင့်လျော်သည့် ကူညီမှုများပေးနေသူများကို **ပိုမို ထောက်ပံ့**ပေးသင့်ပါသည်။
- လက်နက်ဖြင့်မိမိကိုယ်မိမိကာကွယ်သည့်လှုပ်ရှားမှုများကို ပိတ်ပင်ရုတ်သိမ်းမည့်အစား လက်နက်အသုံးပြုခြင်း၏ အခြားတဖက်တွင် ရွာသူရွာသားများ၏ **ရွေးချယ်စရာနည်းလမ်းများ ကျယ်ပြန့်လာအောင်** လက်တွေ့အသုံးချနိုင်သော ပံ့ပိုးမှုများကို ပေးသင့်ပါသည်။
- စည်းရုံးလှုံ့ဆော်မှု၊ နအဖနှင့်ပူးပေါင်းလုပ်ဆောင်မှုများသည် **ရွာသူရွာသားများ၏ မိမိကိုယ်မိမိကာကွယ်မှုပြုလုပ်ခြင်းအပေါ် အလေးထား**မှုများကိုအာရုံစိုက်ခြင်းနှင့် ၎င်းတို့၏တုန့်ပြန်မှုနည်းဗျူဟာများကို ကူညီပံ့ပိုးပေးရန်စီမံလုပ်ဆောင်သင့်ပါသည်။